# 6 တက္ကသိုလ်၊ ကောလိပ်

တက္ကသိုလ်နှင့် ကောလိပ်သည် အထက်တန်းကျောင်းပြီးသူ၊ အထက်တန်းပြီးသည်နှင့်ထပ်တူသော အရည်အချင်းရှိသူများအတွက် ကျောင်းဖြစ်သည်။

## 6-1 တက္ကသိုလ်၊ ကောလိပ်

### (1) တက္ကသိုလ်၊ ကောလိပ်

တက္ကသိုလ်နှင့် ကောလိပ်သည် နိုင်ငံအစိုးရပိုင်၊ ဒေသအစိုးရပိုင်၊ ပုဂ္ဂလိကပညာရေးအဖွဲ့အစည်းပိုင်ဟူ၍ ၃မျိုးရှိသည်။ အချို့ကျောင်းများသည် ကုမ္ပဏီမှဖွင့်ထားသောတက္ကသိုလ်များလည်းရှိသည်။

ကောလိပ်ကို “Tandai” ဟုခေါ်သည်။

ပညာသင်ကာလသည် တက္ကသိုလ်သည် ၄နှစ်ဖြစ်ပြီး ကောလိပ်သည် ၂နှစ်ဖြစ်သည်။

### (2) ကျောင်းတက်ရန်

တက္ကသိုလ်နှင့် ကောလိပ်သို့တက်ရန် ဝင်ခွင့်စာမေးပွဲဖြေရမည်။ ထောက်ခံခြင်းဖြင့်ကျောင်းဝင်ခွင့်ရစနစ်ကို ကျင့်သုံးသည့် တက္ကသိုလ်လည်းအမြောက်အများရှိသည်။ ထို့ပြင် ကျောင်းလခ၊ ဝင်ခွင့်အရည်အချင်းသည် ကျောင်းတိုင်းမတူညီသောကြောင့် အသေးစိတ်ကို မိမိတက်လိုသော ကျောင်းသို့ စုံစမ်းပါ။

### (3) အရည်အချင်း

အခြေခံအားဖြင့် အောက်ပါသတ်မှတ်ချက်များမှ သတ်မှတ်ချက်တစ်ခုခုနှင့်ပြည့်စုံပါက မည်သူမဆိုစာမေးပွဲဖြေနိုင်သည်။
ဂျပန်သို့မဟုတ်နိုင်ငံခြားတွင်အထက်တန်းကျောင်းပြီးသူ။
အထက်တန်းကျောင်းပြီးဆုံးသည့်အသိအမှတ်ပြုစာမေးပွဲအောင်မြင်သူ။
နိုင်ငံတကာအခြေခံနောက်ဆုံးအဆင့်စာမေးပွဲအောင်သူ၊ ကျောင်းတက်ချိန်၄လ၁ရက်နေ့အထိ၁၈နှစ်ပြည့်သူ။

### (4) ဝင်ခွင့်စာမေးပွဲ

နိုင်ငံ၊ ဒေသအစိုးရပိုင်ကျောင်း၏ ဝင်ခွင့်စာမေးပွဲသည် အားလုံးက မဖြေမနေဖြေရမည့် ပထမအဆင့် စင်တာစာမေးပွဲနှင့် တက္ကသိုလ်အလိုက်ကျင်းပသည့် ဒုတိယအဆင့် စာမေးပွဲဟူ၍ ၂ခုရှိသည်။ ပုဂ္ဂလိကပိုင်တက္ကသိုလ်၏ စာမေးပွဲသည် ကျောင်းပေါ်တွင်မူတည်၍ ဖြေဆိုရမည့် ဘာသာနှင့် ရက်စွဲလည်းကွဲပြားသည်။